ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၃ ၊ အမှတ် ၇ ၂၀၁၈ ခုနှစ် ၊ ဧပြီလ ၁ ရက်

## ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်အား World Bank မှ တာဝန်ရှိပုဂ္ဂိုလ်များ လာရောက်တွေ့ဆုံဆွေးနွေး



၂၀၁၈ ခုနှစ် ၊ မတ် (၁၂) ရက်နေ့တွင် ရန်ကုန်မြို့ ၊ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ၊ အစည်းအဝေးခန်းမ၌ အကောက်ခွန်ဦးစီးဌာန ၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်အား World Bank မှ တာဝန်ရှိပုဂ္ဂိုလ်များ လာရောက်တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲသည် World Bank Group ၏ အဖွဲ့ဝင်ဖြစ်သည့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (International Development Association-IDA) ၏ အဆိုပြုထားသော ငွေကြေးထောက်ပံ့မှု လုပ်ငန်းအစီအစဉ်အရ အထောက်အပံ့ပေးနိုင်မည့် လုပ်ငန်းများ ၊ အလားအလာရှိသော မူဝါဒနယ်ပယ်များနှင့်ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် ရည်ရွယ်၍ ဆွေးနွေးခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲသို့ အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း (၁၀) ဦး နှင့် World Bank မှ တာဝန်ရှိပုဂ္ဂိုလ် (၆) ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

# ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်အား IMF မှ ကျွမ်းကျင်ပညာရှင်ဖြစ်သူ Mr. Janos Nagy နှင့်အဖွဲ့ လာရောက်တွေ့ဆုံဆွေးနွေး



၂၀၁၈ ခုနှစ် ၊ မတ် (၂၃) ရက်နေ့တွင် ရန်ကုန်မြို့ ၊ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ၊ အစည်းအဝေးခန်းမ၌ အကောက်ခွန်ဦးစီးဌာန ၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်အား IMF မှ ကျွမ်းကျင်ပညာရှင် Mr. Janos Nagy နှင့်အဖွဲ့ လာရောက်တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲသည် ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ သုံးနှစ်တာ နည်းပညာ အကူအညီပေးရေး အစီအစဉ်အရ မြန်မာအကောက်ခွန်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် Log Frame အား အတည်ပြုရည်ရွယ်၍ ဆွေးနွေးခဲ့ပြီး အဆိုပါဆွေးနွေးပွဲသို့ အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း (၅) ဦး နှင့် IMF မှ တာဝန်ရှိပုဂ္ဂိုလ် (၄) ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

# ဝန်ထမ်းထုလစဉ် ဆွေးနွေးဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် မှ သြဝါဒစကားပြောကြားခြင်း



ဦးစီးဌာနအဆင့် ဌာနအကြီးအကဲ နှင့် ဝန်ထမ်းထုလစဉ် ပုံမှန်ဆွေးနွေးဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားကို ၂၀၁၈ ခုနှစ် ၊ မတ်လ (၉) ရက်နေ့ နံနက် (၈:၀၀) အချိန်တွင် ရန်ကုန်မြို့ ၊ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ဖေယျာသီဟခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်မှ အကောက်ခွန်ဝန်ထမ်းများအား သြဝါဒစကားပြောကြားခဲ့ပြီး အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ အရာထမ်း နှင့် အမှုထမ်း စုစုပေါင်း (၂၀၀) ဦး တက်ရောက်ခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၃၇၇.၇၂၃) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန် နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ်လ (၁) ရက်နေ့ မှ (၃၁) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှု မှာ (၃၅၅) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၂၃၇၇.၇၂၃) သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်






လေဆိပ်တားဆီးမှုအနေဖြင့် တားဆီးမှု (၉) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၁၃၇.၁၄၈) သန်းခန့် ရှိသည့် အနက် ၄-၃-၂၀၁၈ ရက်နေ့တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ KA-254, SF-3311 ဖြင့် ဟောင်ကောင် မှ ရန်ကုန် သို့ဝင်ရောက်လာသည့် မြန်မာ နိုင်ငံသားခရီးသည်ထံမှ စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ရွှေဖြူဟုယူဆရသော ဆွဲကြိုး (၉၄၁) ကုံး ၊ လက်ကောက် (၂၂၀) ကွင်း၊ Hand Chain (၁၁၅) ခု ၊ လက်စွပ် (၁၆၃) ကွင်း၊ နားကပ် (၁၃၇) ရံ၊ ဆွဲသီး (၁၃၇) ခု စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၉၄.၈၁၅) သန်းခန့်အားတားဆီးခဲ့ပါသည်။


# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၃၇၇.၇၂၃) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးခြင်း







ဆိပ်ကမ်းတားဆီးမှုအနေဖြင့် တားဆီးမှု (၈) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၂၁၉.၁၀၇) သန်းခန့်ရှိသည့်အနက် ၈-၃-၂၀၁၈ ရက်နေ့တွင် AWPT ဆိပ်ကမ်း၌ World Nine One Nine Co., Ltd မှ တင်သွင်းလာသော Recon: Car S/Parts Items (၂၀) မျိုးအား အကောက်ခွန် စစ်ဆေးရေးအဖွဲ့ အမှတ် (၂) မှ စစ်ဆေးခဲ့ရာ ID/IL တွင်ကြေငြာထားခြင်းမရှိသည့် Recon: Car S/Parts Items (၂) မျိုး နှင့် ID/IL တွင် ကြေငြာထားသော်လည်း အပိုပါရှိလာသည့် Item (၃) မျိုး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၇၃.၀၈၉) သန်းခန့်အားတားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၃၇၇.၇၂၃) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း



နယ်မြေတားဆီးမှုအနေဖြင့် တားဆီးမှု (၃၃၈) မှုရှိ၍ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာကျပ် (၂၀၂၁.၄၆၈) သန်းခန့်ရှိသည့်အနက် ၃၁-၃-၂၀၁၈ ရက်နေ့တွင် (၁၆) မိုင်ကျောက်ချောစစ်ဆေးရေးစခန်းအား ဖြတ်သန်းမည့် Nissan Diesel အမျိုးအစား (၁၂) ဘီးယာဉ် (၁) စီးအား (၁၆) မိုင်ကျောက်ချော စစ်ဆေးရေးစခန်းတာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် မိုးကာဖြင့်ဖုံးအုပ်သယ်ဆောင်လာသော ရွှေချထားသည့် ပုရပိုက် အရွယ်အစားမျိုးစုံ (၆၉) ထုပ် ၊ ရှေးဟောင်းဘုရားဟုယူဆရသော ဘုရားဆင်းတုတော် (၉) ဆူ ၊ ရှေးဟောင်းပစ္စည်းဟုယူဆရသော အမည်မသိသတ္တုဖြင့်ပြုလုပ်ထားသော လက်ကောက် (၂) ကွင်း ၊ ရှေးဟောင်းပစ္စည်းဟုယူဆရသော ပေစာထုပ်ကြိုး (၂၄) ချောင်း၊ ပုရပိုက်များထုတ်ပိုးထားသည့် အဝတ်စ (၅၃) ထည်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၁) စီးတို့အားစစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၃၇၇.၇၂၃) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

**ထူးခြားဖမ်းဆီးမှု**



ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁၇-၃-၂၀၁၈ ရက်နေ့တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် မူဆယ်သို့ သွားရောက်မည့် ခရီးသည်တင် မော်တော်ယာဉ် (၄) စီးတို့အား မသင်္ကာဖွယ်တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်၏နောက် ကြမ်းခင်းတို့တွင် အံဝှက်ပြုလုပ် သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခါးရွှေသစ် (၁၀၁) တုံး၊ (၂.၉၃၆၄) တန်၊ ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးဆိုဒ်စုံ (၆၇၁) တုံး၊ (၈၆၁) ကီလိုဂရမ် နှင့်ပစ္စည်းသယ်ဆောင်သည့် ယာဉ် (၄) စီး စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၁၇၁.၈၅၉) သန်းခန့်အားစစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၃၇၇.၇၂၃) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု




ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁၂-၃-၂၀၁၈ ရက်နေ့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ ရှောင်ကွင်းလမ်းဖြစ်သည့် စစ်တောင်းတံတား(အဟောင်း)အနီး၊ တနော်ကျွန်းကျေးရွာ လမ်းကြား၌ ရပ်တန့်ထားသော HINO RANGER TRUCK (၆)ဘီး ယာဉ် (၁)စီး နှင့် ISUZU ELF TRUCK (၆)ဘီး ယာဉ် (၁) စီး တို့အား ရှောင်တခင်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားမဝင်သယ်ဆောင် လာသော အကောက်ခွန်မဲ့ ဘေထုပ် (1x64 Kg) 180 Pkg နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ် (၂)စီး၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၅၄.၅၆) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ မတ်လအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | ၄ မှု | ၄ မှု | ၄၂.၁၃၃ သန်း |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | ၄ မှု | ၄ မှု | ၁၉.၂၀၀ သန်း |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၁၇ မှု | ၁၇ မှု | ၈၀.၅၈၅ သန်း |
| | စုစုပေါင်း | - | ၂၅ မှု | ၂၅ မှု | ၁၄၁.၉၁၈ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း (၁-၄-၂၀၁၇) ရက်နေ့ မှ (၃၁-၃-၂၀၁၈) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၂၇၀) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း(၄၁၉၀.၃၈၃) သန်း ခန့်အား တားဆီးခဲ့ပြီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

# ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး ထုခွဲအဆင့် လူသုံးကုန်ပစ္စည်းများအား လေလံစနစ်ဖြင့် ရောင်းချခြင်း




စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော လူသုံးကုန်ပစ္စည်းများအား (၂၃-၃-၂၀၁၈) ရက်နေ့တွင် လေလံစနစ်ဖြင့်ထုခွဲ ရောင်းချခြင်းကို ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ ၊ ညွှန်ကြားရေးမှူး ဦးနေလင်းမှ ဥက္ကဋ္ဌအဖြစ် ပါဝင်သောလေလံတင် ရောင်းချရေးအဖွဲ့ဖြင့် လေလံအုပ်စု (၄) စုအား ဈေးပြိုင်ရောင်းချခဲ့ရာ စုစုပေါင်းကျပ် (၂၆၈.၄) သန်း ရရှိခဲ့ပါသည်။

# ဖမ်းဆီးရမိသည့် ကန့်သတ်ကုန်ပစ္စည်းများဖြစ်သော အရက် ၊ ဘီယာမျိုးစုံ ၊ မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါး ၊ ကွမ်းစားဆေးများ နှင့် E-Cigarettes အရည်များ ဖျက်ဆီးခြင်း အခမ်းအနား






ရန်ကုန်မြို့ ၊ အကောက်ခွန်ဦးစီးဌာန ၊ ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ မှ ဖမ်းဆီးရမိသည့် ကန့်သတ်ကုန်ပစ္စည်းများဖြစ်သော အရက် ၊ ဘီယာမျိုးစုံ ၊ မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါး ၊ ကွမ်းစားဆေးများ နှင့် E-Cigarettes အရည်များ ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် ( ၃၃၇.၇၀၆) သန်း ခန့်အား (၂၈-၃-၂၀၁၈) ရက်နေ့ နံနက် (၁၀:၀၀) အချိန်တွင် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ ၊ ညွှန်ကြားရေးမှူး ဦးနေလင်း ဥက္ကဌအဖြစ်ပါဝင်သော ဖျက်ဆီးရေးအဖွဲ့ဖြင့် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေး ဌာနခွဲ ရုံးဝင်းအတွင်း စနစ်တကျ ဖျက်ဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ




Medical Equipment များ တင်သွင်းရာ၌ HS Code နှင့် Duty Rate အားမေးမြန်းရာ HS Heading မှာ 90.18 ဖြစ်ပြီး ၊ အကောက်ခွန် 1.5% ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ ပါသည်။



Cosmetics များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Heading မှာ 33.04 ဖြစ်ပြီး အကောက်ခွန် 30% ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။




နို့ဆီများ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 1901.90.31 ဖြစ်ပြီး အကောက်ခွန် 15% ကုန်သွယ် လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။




ပိန်းရိုးဖြင့်ပြုလုပ်ထားသောပိုက်ဆံအိတ်များတင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 4602.90.90 ဖြစ်ပြီး အကောက်ခွန် 5% ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

ပန်းအစိုများ တင်သွင်းလိုပါသဖြင့် လိုင်စင်လို/မလို HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ၊ HS Heading မှာ 06.03 ဖြစ်ပြီး အကောက်ခွန် 15% ကုန်သွယ် လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။







M150 အချိုရည်များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 2209.99.50 ဖြစ်ပြီး အကောက်ခွန် 10% ကုန်သွယ် လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။

Concrete Mixer များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အား မေးမြန်းရာ HS Code မှာ 8474.31.10 ဖြစ်ပြီး အကောက်ခွန် 3% ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။



Tower Crane များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အား မေးမြန်းရာ HS Code မှာ 8426.20.00 ဖြစ်ပြီးအကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။